# Myanmar – EU Trade Helpdesk

## အီးယူပို့ကုန်ဈေးကွက်လေ့လာချက် - ပျားရည်

### မြန်မာ့ပျားရည်

မြန်မာနိုင်ငံတွင် ပျားရည်ထုတ်လုပ်မှုမှာ တဖြည်းဖြည်းခြင်းမြင့်တက်လျက်ရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှပြည်ပသို့တင်ပို့မှုအများစုသည် အာရှနိုင်ငံများသို့တင်ပို့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှပျားမွေးမြူမှု



*ဓာတ်ပုံ ။ ။ GIZ*

### အီးယူပျားရည်ဈေးကွက်

ဥရောပသမဂ္ဂ (အီးယူ) သည် ကမ္ဘာပေါ်တွင်ပျားရည်အများဆုံးတင်သွင်းသည့်နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံမှပျားရည်တင်ပို့ရောင်းချသူများအတွက် ဆွဲဆောင်မှုကောင်းသော အခွင့်အလမ်းတစ်ရပ်ဖြစ်နေပါသည်။အီးယူသည် ကမ္ဘာ့ဒုတိယအကြီးဆုံးပျားရည် ထုတ်လုပ်သူဖြစ်နေသော်လည်း ထုတ်လုပ်မှုသည် ဝယ်လိုအားကိုမမီဘဲ တစ်နှစ်လျှင် ပျားရည်တန်ချိန် (၂၀၀,၀၀၀) ခန့်ကို အီးယူနိုင်ငံ မဟုတ်သောနိုင်ငံများမှတင်သွင်းနေရသည်။ လွန်ခဲ့သောငါးနှစ်တာ အတွင်း အီးယူသို့ပျားရည်တင်သွင်းမှုတိုးတက်များပြားလာခဲ့ရာ ၂၀၁၃ ခုနှစ်နှင့်၂၀၁၇ ခုနှစ်အကြား တွင် တစ်နှစ်လျှင်ပျှမ်းမျှ (၄) ရာခိုင်နှုန်းနီးပါးခန့် တိုးတက် ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် အီးယူသို့ပျားရည်တင်သွင်းမှုပမာဏ အနေဖြင့် တန်ချိန် (၃၅၀,၀၀၀) အထိရှိလာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁.၁) ဘီလီယံတန်ကြေးရှိသည်။ လက်ရှိအချိန်တွင် အီးယူ၏ပျားရည်ထုတ်လုပ်နိုင်စွမ်း မှာ ပျားရည်စားသုံးမှု၏ (၆၀) ရာခိုင်နှုန်း ခန့်ကိုသာဖြည့်ဆည်းပေးနိုင်ပြီးပျားရည်သွင်းကုန် လိုအပ်ချက်အနေဖြင့် အနာဂတ်၌ ထပ်မံမြင့်တက်လာဦးမည်ဟု မျှော်မှန်းထားကြသည်။

အီးယူနိုင်ငံများစွာ၌ ပျားရည်ထုတ်လုပ်မှုသည် စိုက်ပျိုးရေးကိုပိုမိုဦးစားပေးလုပ်ကိုင်လာမှုကြောင့်သာမက ဥရောပတိုက်ရှိပျားကောင်ရေအရေအတွက် ကျဆင်းစေသည့် ရောဂါများ ပျံ့နှံ့ ဖြစ်ပွားမှု နှင့် ဓာတုပစ္စည်းများအသုံးပြုခြင်းတို့ကြောင့်လည်း ပိုမိုခြိမ်းခြောက်ခံနေရသည်။ ထို့ကြောင့် အီးယူဈေးကွက်သည် အနာဂတ်၌ ပြည်ပမှပျားရည်တင်သွင်းမှုများအပေါ်ပိုမိုမှီခိုလာနိုင်ပြီး တင်သွင်းသူများက ရောင်းချသူအသစ်များကိုဆက်လက်ရှာဖွေနေကြမည်ဖြစ်သည်။အီးယူမှ ပျားမွေးမြူသူများအနေဖြင့်လည်းထုတ်လုပ်မှုကုန်ကျစရိတ်များပိုမိုမြင့်မားလာခြင်းနှင့်ရင်ဆိုင်နေရသဖြင့်တင်သွင်းလာသည့်ပျားရည်များကို ဈေးနှုန်းအရ ပိုမိုပြိုင်ဆိုင်နိုင်စွမ်းရရှိစေသည်။

များမကြာသေးမီကပင် ပျားရည်စားသုံးမှုသည် အီးယူ၌ပိုမိုလူကြိုက်များလာခဲ့သည်။စားသုံးသူများအနေဖြင့် သမားရိုးကျသန့်စင် ထားသည့် သကြားမှသည် ပျားရည်ကဲ့သို့ သဘာဝအတိုင်း ချိုသောအရာမျိုးသို့ ကျန်းမာရေးအရ အစားထိုးပြောင်းလဲ စားသုံးသူ အရေအတွက် ပိုမိုများပြားလာပါသည်။

(ပုံ - ၁) အီးယူ၏ပျာရည်တင်သွင်းမှု (တန်ချိန်)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

### အီးယူမှ အလားအလာရှိသောရည်မှန်းဈေးကွက်များ

ဂျာမနီနိုင်ငံသည် အီးယူ၌ ပျားရည်အများဆုံး တင်သွင်းသူဖြစ်ပြီး ၎င်းနောက်တွင် ဗြိတိန်နှင့်ပြင်သစ်တို့ဖြစ်ကြသည်။ အဆိုပါသုံးနိုင်ငံသည် အီးယူအတွင်း စီးပွားရေးအရအကြီးမားဆုံးနိုင်ငံများဖြစ်ကြပြီး ၎င်းတို့သုံးဦးပေါင်း တင်သွင်းမှုသည် အီးယူသို့ပျားရည်တင်သွင်းမှုစုစုပေါင်း၏ထက်ဝက်ခန့်ရှိသည်။ စပိန်နိုင်ငံသည်လည်း အလားအလာရှိသောပျားရည်တင်သွင်းသူပင်ဖြစ်သည်။ အများအားဖြင့် အဆိုပါနိုင်ငံများမှပျားရည်တင်သွင်းသူများသည် ပျားရည်ကို ပြန်လည်ပြုပြင်ထုပ်ပိုးမှုပြုလုပ်ပြီးနောက် ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း သို့မဟုတ် အခြားနိုင်ငံများသို့ပြန်လည်တင်ပို့ရောင်းချခြင်း ပြုလုပ်ကြပါသည်။

Operated by

Supported by

EUROPEAN UNION

လွန်ခဲ့သောငါးနှစ်တာကာလအတွင်း ဂျာမနီသို့ပျားရည်တင်သွင်းမှုများ အနည်းငယ်ကျဆင်းလာသည့်အနေအထားမျိုးဖြင့် တည်ငြိမ်မှုရှိနေခဲ့ပြီး စပိန်၊ ပြင်သစ်နှင့်ယူကေသို့မှု ပျားရည်တင်ပို့မှုများတိုးတက်လျက်ရှိသည်။

(ပုံ - ၂) ၂၀၁၇ ခုနှစ် ၊ အီးယူ၏ပျားရည်တင်သွင်းမှု(တင်သွင်းမှုပမာဏအလိုက်)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

စပိန်နိုင်ငံသည် ၎င်း၏အရွယ်အစားကြီးမားသောဈေးကွက်၊ တိုးတက်များပြားလျက်ရှိသည့်ပျားရည်သွင်းကုန်ပမာဏများနှင့်အတူ တင်ပို့သူများအတွက်အထူးဆွဲဆောင်အားကောင်းလှသောဈေးကွက်တစ်ခု ဖြစ်သည်။နောက်ထပ်အလားအလာကောင်းသည့် အလယ်အလတ်အရွယ်အစားရှိသောဈေးကွက်မှာပေါ်တူဂီဖြစ်ပြီးလွန်ခဲ့သောနှစ်များ အတွင်းအလွန်မြင့်မားသည့်နှုန်းထားများဖြင့် ပျားရည်တင်သွင်းမှုများ တိုးတက်နေကြောင်းပြသလျက်ရှိသည်။

## အီးယူဈေးကွက်လက္ခဏာရပ်များ

အီးယူမှစားသုံးသူများ နှင့် အာဏာပိုင်များထံ ၌ ပျားရည်၏အရည်အသွေးနှင့်ပတ်သက်၍ အလွန်မြင့်မားသော စံသတ်မှတ်ချက် များရှိပါသည်။ ဥရောပပါလီမန်၏အဆိုအရ အီးယူသို့ တင်သွင်း လာသည့် ပျားရည် များကိုရယူစစ်ဆေးမှုများအနက် (၂၀) ရာခိုင်နှုန်းခန့်သည် အီးယူ၏ စံသတ်မှတ်ချက်များ နှင့် ကိုက်ညီမှုမရှိကြောင်းတွေ့ရှိရသည်။ ပင်ရင်းနိုင်ငံတစ်နိုင်ငံထံမှထိုသို့သောဖြစ်ရပ်များတဖြည်းဖြည်း များပြားလာသည့်အခါ တစ်နိုင်ငံလုံး၏ ထုတ်ကုန်ပစ္စည်းအရည်အသွေးပိုင်း နှင့် စပ်လျဉ်း၍ နာမည်ပျက် ထိခိုက်မှုရှိလာမည်ဖြစ်သည်။ စားသုံးသူများအနေဖြင့် ဝယ်ယူခြင်း မှ ရှောင်ကြဉ်လာမည် ဖြစ်သလို အာဏာပိုင်များအနေဖြင့်လည်း အဆိုပါနိုင်ငံမှယင်းထုတ်ကုန်ပစ္စည်းများ နှင့်ဆက်စပ်သည့်တင်သွင်းမှုများကို တားဆီးပိတ်ပင်ရန် လုပ်ဆောင်လာနိုင်သည်။

(ပုံ - ၃) ၂၀၁၇ ခုနှစ် ၊ အီးယူသို့ပျားရည်အများဆုံးတင်ပို့ရောင်းချသူငါးနိုင်ငံ




*ရည်ညွှန်း ။ ။UN Comtrade 2018 ၊ အရေအတွက်ဖြင့်အဆင့်သတ်မှတ်သည်။*

အီးယူသည် တရုတ်နိုင်ငံမှ အလွန်သက်သာသည့်ဈေးနှုန်းဖြင့် တင်သွင်းလျက်ရှိရာဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ရောင်းချသူနိုင်ငံဖြစ်သည်။ သို့ရာတွင် ယခင်က အရည်အသွေးပိုင်း ပြဿနာများ အထူးသဖြင့် မသမာသောနည်းဖြင့်ပျားရည်ကို ရောနှော ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံမှပျားရည်တင်သွင်းမှုအား ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပိတ်ပင်ထားခဲ့ပါသည်။ အကျိုးဆက်အဖြစ် တရုတ် ပျားရည်သည် အီးယူစားသုံးသူများအကြား နာမည်ကောင်းမရရှိ တော့ပါ။

ယူကရိန်းနိုင်ငံသည်အီးယူသို့ပျားရည်ဒုတိယအများဆုံး တင်ပို့ရောင်းချသူဖြစ်ပြီး အာဂျင်တီးနားနိုင်ငံသည် တတိယနေရာတွင် ရှိပါသည်။ အဆိုပါနိုင်ငံများနှင့်ယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် အကောက်ခွန်ဆိုင်ရာအထူးဦးစားပေးအခွင့်အရေး (GSP) အကျိုးခံစားခွင့်ရရှိသည့်အတွက် ပျားရည်ကိုအီးယူသို့ အကောက်ခွန်လွတ်တင်ပို့နိုင်ပါသည်။ အီးယူသို့ဝင်ရောက်နေသောပျားရည်အများစုသည် အစုအပြုံလိုက်တင်သွင်းခြင်းမျိုးဖြစ်သည်။အီးယူမှတင်သွင်းသူများသည်ပုံမှန်ရောင်းချပေးနိုင်စွမ်းရှိစေရန်အတွက် နေရာမျိုးစုံမှပျားရည်များကို ရောစပ်လိုက်ကြပါသည်။

အီးယူ၌ ပျားရည်လိုအပ်ချက်အလွန်ပင်မြင့်မားနေသောကြောင့် ဩဂဲနစ် (သို့မဟုတ်) မျှတသောကုန်သွယ်ရေးလက်မှတ် (သို့မဟုတ်) ပန်းအမျိုးအစားတစ်မျိုးတည်းအသုံးပြုကာ ပျားရည်ထုတ်လုပ်ခြင်းသည် ယှဉ်ပြိုင်ရာ၌အရေးသာမှုများကို ရရှိစေသော်လည်း ဈေးကွက်သို့ဝင်ရောက်ရေးအတွက်မူ အလွန်အခြေခံကျလှသည်မဟုတ်ပေ။

## အီးယူဈေးကွက်ဝင်ရောက်မှုဆိုင်ရာလိုအပ်ချက်များ

- အီးယူအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသို့ ပျားရည်တင်ပို့နိုင်ရန် အီးယူသည် တစ်နိုင်ငံလုံးအပေါ် အတည်ပြုထောက်ခံပေးရမည် ဖြစ်သည်။
- အမျိုးသားအဆင့် ဓာတုဓာတ်ကြွင်းစောင့်ကြည့်စစ်ဆေးရေးအစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံ၌ရှိထားပြီးဖြစ်ပါသည်။

Operated by

Supported by

- ပို့ကုန်ပျားရည်နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ခံအရာရှိဖြစ်သူတံဆိပ်နှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာစာရွက်စာတမ်းများပါရှိရမည်ဖြစ်သည်။
- ပိုးသတ်ဆေးများ၊ ပဋိဇီဝဆေးများနှင့်အခြားသောဓာတုပစ္စည်းများအတွက် အမြင့်ဆုံး ဓာတုဓာတ်ကြွင်းပါဝင်မှုအဆင့်များအားလိုက်နာမှုရှိရမည်ဖြစ်သည် (EU Commission maximum residue levels database)။
- ထုတ်လုပ်သယ်ယူတင်ပို့မှု ကွင်းဆက်တစ်လျှောက်လုံးသို့ ခြေရာခံစစ်ဆေးခံနိုင်ရမည်ဖြစ်သည်။
- ပျားရည်သည်(Sucrose- သကြားပါဝင်ခြင်းမရှိဘဲ) သန့်စင်ရမည်၊ ပါဝင်ဖွဲ့စည်းမှုဆိုင်ရာသတ်မှတ်ချက်များကို online မှ ကြည့်ရှုနိုင်သည်။
- အီးယူမှဝယ်သူများအနေဖြင့် ရေပါဝင်မှုအမြင့်ဆုံးရာခိုင်နှုန်းအား (၁၉)ရာခိုင်နှုန်းနှင့်ဟိုက်ဒရိုဇီမီသိုင်းဖာဖူရယ် (*Hydroxymethylfurfural*-HMF) တန်ဖိုးကိုတစ်ကီလိုဂရမ်လျှင် (၄၀) မီလီဂရမ် သို့မဟုတ် ယင်းထက်နည်းပါးစေရန်သတ်မှတ်ထားလေ့ရှိသည်။

## အီးယူတွင် ဝယ်သူမည်သို့ရှာမည်နည်း

သင်သည် အီးယူမှအလားအလာရှိသောဝယ်သူများကို အောက်ပါသတင်းရင်းအမြစ်အမျိုးမျိုးမှတစ်ဆင့် ရှာဖွေတွေ့ရှိနိုင်သည် -

- **ကုန်စည်ပြပွဲများ** - SIAL Paris (ပြင်သစ်)၊ SIAL China (တရုတ်)၊ Anuga (ဂျာမနီ) ၊ BIOFACH ( ဂျာမနီ ၊ အော်ဂဲနစ်ထုတ်ကုန်များ) ၊ International Green Week (ဂျာမနီ)
- **အသင်းအဖွဲ့များ၏အသင်းဝင်စာရင်းများ** - European Federation of Honey Packers and Distributors (F.E.E.D.M.) ၊ ဂျာမန်သွင်းကုန်တင်သွင်းသူများအသင်း (Waren-Verein der Hamburger Boerse e.V.)

## ဆက်သွယ်ရန်

မြန်မာ-အီးယူကုန်သွယ်မှုအကူအညီပေးရေးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမှတ် ၂၂၈ - ၂၄၀ ၊ ကမ်းနားလမ်း၊ ဒုတိယထပ်
ရန်ကုန်၊ မြန်မာ။
အီးမေးလ် -mmeu.tradehelpdesk@gmail.com

*ယခုထုတ်ဝေမှုကို ဥရောပသမဂ္ဂ၏ရန်ပုံငွေအထောက်အပံ့ဖြင့် ပြုလုပ်ပါသည်။ ပါရှိသောအကြောင်းအရာများနှင့်ပတ်သက်၍ ရေးသားသူ (Aleksandar Jovanovic) ထံတွင် အလုံးစုံတာဝန်ရှိပြီး ဥရောပသမဂ္ဂသို့မဟုတ် အခြားမည်သည့်အဖွဲ့အစည်း၏အမြင်ကိုမျှလုံးဝထင်ဟပ်ခြင်းမရှိပါ။*

*စက်တင်ဘာ ၂၀၁၈*